ဖိုကိုလာရေလှုပ်ရှားမှု

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဩဂုတ်လ ၂၀၁၆

"သင်တို့၌ဆရာတစ်ပါးတည်းသာရှိ၏။ သင်တို့အားလုံးသည် ညီအစ်ကိုချင်းဖြစ်ကြ၏။"
(မာတေဦး ၂၃း၈)

ကျွန်ုပ်တို့အနေဖြင့် အသက်ပေးသည့်နှုတ်တော်ထွက်စကားကို ကျင့်ကြံလိုက်လျှောက်လာခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း၇၀ ရှိလေပြီ။ စာစောင်ရောက်ရှိလာသောအခါ ရှင်းလင်းဖော်ပြချက်များကို ကျွန်ုပ်တို့ဖတ်ရှုကြသည်။ သို့သော် ကျွန်ုပ်တို့မျှော်လင့်ကြရမည့်အရာကား ကမ်းလှမ်းလာသည့် ကျမ်းချက်ထဲမှ မကြာခဏဆိုသလို သခင်ယေဇူးမိန့်တော်မူသော နှုတ်တော်ထွက်စကားပင်ဖြစ်သည်။ "အသက်ပေးသည့်နှုတ်တော်ထွက်စကား" ဆိုသည်မှာ ထောက်ရှုဆင်ခြင်ရုံသက်သက်မဟုတ်ပါ။ ထိုအထဲတွင် သခင်ယေဇူးစကားပြောနေပါသည်။ ကိုယ်တော်ရှင်က အသက်ရှင်နေထိုင်ဖို့ ဖိတ်ခေါ်နေသည်၊ ချစ်ခြင်းမေတ္တာထားဖို့ အစဉ်ခေါ်ဆောင်နေသည်၊ ကျွန်ုပ်တို့၏အသက်တာများအတွက်လက်ဆောင်တော်များ ဖြစ်စေပါသည်။

ယင်းကား ကယားရာလူးဘစ်၏ဖိတ်ခေါ်ချက်လည်းဖြစ်ပြီး သူမ၏မူလရင်းပြောကြားချက်မှာ "ကျွန်မဟာ အမှန်တရားကိုတောင့်တဆာငတ်ခဲ့ပြီး ဒဿနိကဗေဒကို သင်ယူခဲ့ပါတယ်။ အမှန်က ဒီထက်တောင်ပိုပါတယ်။ အခြားလူငယ်တွေလိုပဲ ကျွန်မလည်း အမှန်တရားကိုရှာဖွေခဲ့ပြီး လေ့လာသင်ယူမှုကနေ ရှာတွေ့လိမ့်မယ်လို့ယုံကြည်ခဲ့ပါတယ်။ သို့သော်လည်း လှုပ်ရှားမှုကြီးရဲ့အစောပိုင်းကာလများမှာ ကြီးမြတ်လှသည့်အကြံအစည်များထဲမှ တစ်ခုက ရောက်ရှိလာခဲ့ပြီး ကျွန်မရဲ့အပေါင်းအဖော်များကိုချက်ချင်းပြောပြခဲ့တယ်။ သမ္မာတရားသည် သခင်ယေဇူးဆိုတဲ့ ဘုရား–လူသားထံမှာ ဝင်စားတယ်ဆိုတယ်ရင် ဘာလို့တခြားမှာလိုက်ရှာနေမှာလဲ။ သမ္မာတရားဆွဲဆောင်ရာကိုခံယူဖို့ သူ့ကိုပဲကြည့်ကြစို့၊ နောက်ပြီး သူ့နောက်ကိုပဲလိုက်ကြစို့။ ဒါဟာ ကျွန်မတို့ လုပ်ခဲ့တဲ့အရာပဲ။"

သူတို့၏လက်ထဲတွင် သမ္မာကျမ်းစာအုပ်ကို ယူဆောင်ခဲ့ပြီး ကျမ်းချက်များကို တစ်ခုချင်းတစ်ခုချင်း စတင်ဖတ်ရှုခဲ့ကြပါသည်။ သူတို့အနေဖြင့် လုံးဝသစ်လွင်သောအရာကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ 'သခင်ယေဇူး၏နှုတ်တော်ထွက်စကားတစ်ခုချင်းစီက ထွန်းလင်းတောက်ပသည့် အလင်းရောင်ပေါက်ထွက်သည့် အလား အားလုံးမှာမွန်မြတ်လှပါသည်။' ကိုယ်တော်ရှင်၏နှုတ်တော်ထွက်စကားများမှာ တုနှိုင်းမဲ့ဖြစ်ခြင်း၊ ထာဝရဖြစ်ခြင်း၊ ဆွဲဆောင်မှုရှိခြင်း၊ ဘုရားရှင်၏မွန်မြတ်သောပုံစံဖြင့်ဖွဲ့စည်းထားခြင်းတို့ဖြစ်ပြီး ထိုအသက်ပေးသည့်နှုတ်တော်ထွက်စကားမှ သက်ရှင်နေထိုင်ခြင်း၊ နေရာနှင့်အချိန်ကာလတိုင်းတွင် အားလုံးနှင့်သက်ဆိုင်သော နှုတ်ကပတ်တော်ဖြစ်လာစေရမည်။ ' သူတို့သည် အတိတ်မှာပင်ကျန်ရစ်မနေဖို့၊ အမှတ်ရစရာသက်သက်မဟုတ်၊ သို့သော် ဘုရားသခင်ကျွန်ုပ်တို့အား အဆက်မပြတ်ပြောကြားနေသော နှုတ်ကပတ်

တော်များကို လူတိုင်းအား အချိန်တိုင်းနေရာတိုင်းတွင် ပြောနေသည့်အလား ဖြစ်ကြောင်း သူတို့သည် ရှာဖွေတွေ့ရှိခဲ့ကြပါသည်။

သခင်ယေဇူးသည် ကျွန်ုပ်တို့၏ဆရာသခင်အမှန်တကယ်ဖြစ်ပြီလား?

ကျွန်ုပ်တို့၏ဘဝအသက်တာများအတွက်ဆိုပြီး ဆရာတို့၏သွန်သင်မှုများက များစွာသောအကြံပြုတင်ပြချက်များအဖြစ် ဝိုင်းရံလျက်ရှိပါသည်။။ အချို့အကြမ်းဖက်မှုသို့ဦးတည်လှည့်ပြောင်းသွားနိုင်ပြီး အချို့ကလည်း တည့်မတ်ထိန်းကြောင်းခြင်းနှင့် အသိဉာဏ်ပွင့်လင်းရရှိစေသည်။ သခင်ယေဇူး၏ နှုတ်တော်ထွက်စကားများက လေးနက်ပြီး ကျွန်ုပ်တို့အား နိုးထလာအောင်ဆွဲဆောင်နိုင်စွမ်းရှိပြီး အခြားသော စကားများမှာ ဒဿနပညာရှင်များ၊ နိုင်ငံရေးသမားများ သို့မဟုတ် ကဗျာဆရာများထံမှ ဖြစ်သော်ငြားလည်း ထိုသို့မဟုတ်ချေ။ သခင်ယေဇူး၏စကားများမှာ "အသက်ပေးသည့်နှုတ်တော်ထွက်စကားများ" ဖြစ်ပြီး အသက်ရှင်လိုက်လျှောက်နိုင်သည်၊ ကျွန်ုပ်တို့အား ပြည့်ဝစုံလင်သောအသက်တာကိုပေးသည်၊ ဘုရားသခင်၏အသက်တာသို့ ဆက်သွယ်နိုင်ပါသည်။

လစဉ်ကျွန်ုပ်တို့သည် ကျမ်းချက်တစ်ခုချင်းကို အာရုံပြုကြပါသည်။ သို့ဖြစ်၍ သမ္မာကျမ်းစာတော်မြတ်က ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်းသို့ တစ်ဖြည်းဖြည်းချင်းဝင်ရောက်လာပြီး ကျွန်ုပ်တို့အားပြောင်းလဲစေသည်၊ သခင်ယေဇူး၏စိတ်ထားမျိုးကို ရရှိပိုင်ဆိုင်စေသည်၊ ထို့အတွက်ကြောင့်လည်း ကျွန်ုပ်တို့သည် ကြီးမားကျယ်ပြန့်သော မတူညီသည့်အခြေအနေများကိုပင်လျှင် တုန့်ပြန်နိုင်သည်။ သခင်ယေဇူးက ကျွန်ုပ်တို့၏ဆရာသခင်အဖြစ်မိမိကိုယ်ကို ပြသပါသည်။

အခါအားလျော်စွာ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို အတူတကွဖတ်ရှုနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုအကြောင်းကိုရှင်းပြဖို့၊ လက်ရှိအနေအထားတွင်ကျွန်ုပ်တို့အတွက်ဖြစ်ဖို့၊ လက်တွေ့မည်သို့ကျင့်ကြံရန် အကြံပြုဖို့ သေခြင်းမှရှင်ပြန်တော်မူသော သခင်ယေဇူးကိုယ်တော်တိုင် သူ၏နာမဥ္စစုရုံးလျက်ရှိသောသူတို့အလယ်တွင် ရှိနေစေချင်ပါသည်။

မည်သို့ပင်ဖြစ်စေ "အသက်ပေးသည့်နှုတ်တော်ထွက်စကား" ၏ အမှန်တကယ်ထူးခြားသစ်လွင်သောအရာမှာ ကယားရာရှင်းလင်းပြောပြခဲ့သော အစောပိုင်းကာလများကဖြစ်ပျက်ခဲ့သောအကြောင်းအရာများကဲ့သို့ပင် ယနေ့ထက်တိုင်ကျွန်ုပ်တို့၌ရှိနေသော မိမိတို့၏အတွေ့အကြုံများ၊ ယင်းကို ကျွန်ုပ်တို့ကျင့်ကြံလိုက်လျှောက်သောအခါ ခံစားရသော ကျေးဇူးတော်များတို့ကို မျှဝေနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏အတွေ့အကြုံကို အခြားသူများအားဆက်သွယ်ပြောပြရန် တာဝန်ရှိသည်ဟုခံစားရသည့်အပြင် ယင်းသို့မျှဝေပေးခြင်းဖြင့် ထိုအတွေ့အကြုံသည် ဆက်လက်တည်ရှိသလို ကျွန်ုပ်တို့၏အတွင်းစိတ်ကိုလည်း တိုးမြှင့်တည်ဆောက်နိုင်ကြောင်း၊ အကယ်၍ ထိုသို့မျှဝေခြင်းမပြုခဲ့ပါလျှင် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်သည် တစ်ဖြည်းဖြည်းနှင့် အားနည်းယိုယွင်းလာသည်ကိုသတိပြုမိပါသည်။ ထို့ကြောင့် နှုတ်တော်ထွက်စကားသည် တစ်နေ့တာလုံးအားကြီးစွာရှင်သန်လျက် ရလဒ်များမှာ ကိုယ့်အချင်းချင်းအကြားဆက်သွယ်ကြရုံသာမက အခြားသူများလည်း ပထမဆုံးအဖွဲ့တွင်ပါဝင်လာခဲ့ကြသည်အထိဖြစ်လာခဲ့ပါသည်။ နှုတ်တော်ထွက်စကားအတိုင်း ကျင့်ကြံလိုက်လျှောက်ခဲ့ကြသည့်အခါ ယင်းကို ကျင့်ကြံသော ကျွန်ုပ်၊ ကျွန်ုပ်တို့ ဟူ၍မရှိတော့ဘဲ နှုတ်တော်ထွက်စကားသည် ကျွန်ုပ်အတွင်းမှာ ကိန်းဝပ်ခဲ့သည်၊ အစုအဖွဲ့အတွင်းဝယ် ကိန်းအောင်းခဲ့လေပြီ။ ဤသည်ကား သမ္မာကျမ်းစာနှုတ်တော်ထွက်စကား၏အကျိုးဆက်များနှင့်အတူ ခရစ်ယာန်အသွင်ပြောင်းလဲမှုပင်ဖြစ်သည်။

ယနေ့ကျွန်ုပ်တို့အတွက်လည်း ဤကဲ့သို့ ဖြစ်နိုင်ပါမည်လား။

*Fabio Ciardi*

## ခွင့်လွှတ်ခြင်း

ကျွန်မတို့ရဲ့အကြီးဆုံးသားက အရင်ကတော့ ကျောင်းမှာ အရမ်းလိမ္မာတဲ့ကလေးပေါ့။ ခုတော့ အတန်းထဲမှာ ကောင်းစွာလိုက်နာမှုမရှိတော့ဘူး။

ကျောင်း စာသင်နှစ်ပထမပိုင်းမှာ သူ့ရဲ့မှတ်တမ်းက ကြောက်ခမ်းလိလိစိတ်ပျက်စရာပဲ။ ဒါပေမဲ့ အဆိုးဝါးဆုံးက ကျွန်မတို့အကြားမှာ တံတိုင်းသဖွယ်ရှိနေပါသေးတယ်။ ကျွန်မတို့မှာ တော်တဲ့သားတစ်ယောက်ရှိတယ်၊ ကျွန်မတို့ရဲ့နှလုံးသားက သူ့ကို နားလည်ပေးဖို့၊ သူ့ကို ယုံကြည်ပေးဖို့ ဆိုတာကို ဂရုမပြုခဲ့ကြဘူး။ ကျွန်မတို့ဟာ သူ့ကို တင်းတင်းကျပ်ကျပ်ဆက်ဆံခဲ့ကြတယ်။ သူအမှားလုပ်မိတဲ့အချိန်တိုင်းမှာ သူဟာ အကြီးအကျယ် အပြစ်ပေးခံရတော့မယ်ဆိုတာ သူသိနေခဲ့တယ်။ ကျွန်မအနေနဲ့ သူ့ရဲ့ယုံကြည်မှုကို သစ္စာဖောက်လိုက်မိတယ်လို့ ခံစားခဲ့ရပါတယ်။ ကျွန်မဟာ သားတစ်ယောက်ကို ဘယ်လိုချစ်ရမယ်ဆိုတာကို သိတဲ့၊ သားနဲ့လှပတဲ့ဆက်ဆံရေးရှိခဲ့တဲ့မိခင်တစ်ယောက် မဟုတ်တော့ပါဘူး။ ကိုယ့်ရဲ့အမှားကိုသတိပြုမိဖို့က သိပ်တော့မလွယ်လှပါဘူး။ သို့သော်လည်း သူ့ကိုထိခိုက်နာကျင်စေခဲ့တဲ့စကားလုံးတွေ၊ ကျွန်မရဲ့ကြမ်းတမ်းတဲ့စိတ်နေစိတ်ထားတွေအတွက် ကျွန်မသူ့ကို ခွင့်လွှတ်ဖို့တောင်းပန်ခဲ့ပါတယ်။

သားဟာ ကျွန်မကိုကြည့်လိုက်ပါတယ်။ ဒီအခိုက်အတံ့မှာ ကျွန်မတို့ကိုရော၊ ဆရာများကိုပါ ခွင့်လွှတ်ပါလို့ သူ့ကိုယ်သူဖေါ်ပြနေတာကိုလည်း ခံစားလိုက်မိပါတယ်။ ခုဆိုရင် သားကြီးဟာ သူ့ကျောင်းက အဖြေလွှာမှတ်တမ်းကိုပြဖို့ ဝန်မလေးတော့ပါဘူး။ ကျွန်မပြောချင်တာက ကျွန်မတို့အနေနဲ့ မကောင်းမှုကြောင့် ဖြစ်လာရတဲ့ ပုဂ္ဂိုလ်ရေးနဲ့ မိသားစုအတွင်း တင်းမာမှုတွေ ပြေလျော့သွားအောင် ခွင့်လွှတ်ခြင်းအတွက် နေရာပေးကြဖို့လိုတယ်ဆိုတာပါပဲ။

*U.A.*